# မင်းမြတ်သူရ

နှင်းငွေ တစ်ထောင်



(၁)

လသာသော ညတစ်ည၌ လူငယ်တစ်ဦးသည် မအိပ်စက်နိုင်ဘဲ မီးအိမ်ငယ်လေး အလင်းရောင်ဖြင့် ဦးပုည၏ ဆဒ္ဒန်ဆင်မင်း ပြဇာတ်ကို အသံထွက်၍ ဖင်ရှုနေလေ၏။

စာဆိုတော်ကြီးဦးပုညသည် ဆဒ္ဒန်ဆင်မင်းပြဇာတ်ကို လွန်စွာပြောင်မြောက်သော စကား အသုံးနှုန်းများဖြင့် ရေးဖွဲ့ထားသဖြင့် လူငယ်သည် ဖတ်ရှုရင်း အလွန်သဘောကျကာ

“ဆဒ္ဒန်ဆင်မင်းပြဇာတ်ကို ဘယ်နှစ်ကြိမ်ဖတ်ရဖတ်ရ ဖတ်လို့မဝဘူး၊ ဒါဟာ စာဆိုတော်ကြီး ဦးပုညရဲ့ တုနှိုင်းလို့မမှီနိုင်တဲ့ ပါရမီစွမ်းအင်ပဲ”

ဟု ချီးမွမ်းကာ ဆဒ္ဒန်ဆင်မင်းပြဇာတ်ကို ဆက်လက်ဖတ်ရှုနေလ၏။

အတန်ကြာအောင် ဖတ်ရှုပြီးနောက် သံချောင်းခေါက်သံ ဆယ့်နှစ်ချက်ကြားရသဖြင့် လူငယ်သည် ဆဒ္ဒန်ဆင်မန်းပြဇာတ်စာအုပ်ကို စားပွဲပေါ်သို့ တင်လိုက်ပြီး

”ညဥ့်တောင်အတော်နက်နေပြီ၊ အဖေ အခုထိပြန်မလာသေးပါလား၊ အရင်ညတွေကဆိုရင် ဒီအချိန် အဖေပြန်ရောက်လောပြီ၊ အဖေ ဘယ်ကိုများ သဝေထိုးနေပါလိမ့်”

ဟု ရေရွတ်ရင်း ဦးပုည၏ ဆဒ္ဒန်ဆင်မင်း ပြဇာတ်တော်ကြီးကို ဆက်လက်ဖတ်ရှုနေလေ၏။

ထိုအခိုက်မှာပင် တဲအိမ်ငယ်လေး၏ အနောက်ဘက်တံခါးမှ

အသံလိုလိုကြားရသဖြင့် လူငယ်သည် ရွတ်ဆိုနေရာမှ ရပ်၍ မျက်မှောင်ကြုတ်လိုက်ပြီး

“အိမ်နောက်ကအသံကြားတယ်၊ သူခိုးများဖြစ်နေမလား၊ အဖေဆိုရင် အိမ်ရှေ့တံခါးပေါက်ကပဲ ပြန်လာရမှာပေါ့”

ဟု ပြောရင်း တဲအိမ်ငယ်လေး၏ နောက်ဆီသို့ သတိထား၍ လျှောက်လှမ်းသွားလေ၏။

ထိုနောက် တံခါးကိုဖွင့်လိုက်ရာ လရောင်နှင့် မြင်လိုက်ရသော ရှုခင်းကြောင့် မျက်လုံးပြူးသွားပြီး

“ဟင်....အဖေပြန်လာပြီ၊ အဖေဘာဖြစ်လို အိမ်ရှေ့က မလာတာလဲ၊ အဖေမူးလာပြီနဲ့တူတယ်၊ အိမ်ထဲဝင်လေ အဖေရဲ့”

ဟု ဖိတ်ခေါ်လိုက်လေ၏။

ထိုအခါ ဖခင်ဖြစ်သူက ခေါင်းခါယမ်း၍

“အဖေအိမ်ထဲကို မဝင်နိုင်တော့ပါဘူး သားရယ်၊ အဖေဟာ အိမ်ထဲကိုတင်မကဘူး၊ ဟောဒီ ကမ္ဘာလောကကြီးထဲကိုတောင် ပြန်မဝင်နိုင်တော့ဘူး”

ဟု ပြောလေရာ လူငယ်က နားမလည်နိုင်ဟန်ဖြင့် ဖခင်ကို ကြည့်၍

“အဖေ ဘာတွေပြောနေတာလဲ၊ အဖေအိမ်ထဲကိုမဝင်လို့၊ ဘာလုပ်မှာလဲ”

ဟု မေးပြန်လေ၏။

ထိုအခါ ဖခင်ဖြစ်သူက သူ၏ ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော ကုတ်အင်္ကျီကိုလှပ်ပြလိုက်ရာ လရောင်ဖြင့်မြင်ရသော ရှုခင်းကြောင့် လူငယ်သည် အထိတ်တလန့် အော်ဟစ်လိုက်လေ၏။

“ဟင် …. အဖေဗိုက်မှာ ဓားတစ်ချောင်း စိုက်နေတယ်၊ အဖေကို ဘယ်သူလုပ်လိုက်တာလဲ၊ ကျုပ်ကိုပြောစမ်းပါ”

ဟု မေးမြန်းလိုက်လေ၏။

“အဖေ့ရဲ့ ဝါသနာကို မစွန့်နိုင်လို့ ထုံးစံအတိုင်း မိန်းမတစ်ယောက်နဲ့ ဇာတ်လမ်းရှုပ်မိသွားတယ်၊ ဒီတစ်ခါ ရှုပ်မိတဲ့ မိန်းမက လွတ်လွတ်ကင်းကင်း မဟုတ်ဘူး၊ လူလေးသိအောင် ပြောရမယ်ဆိုရင်တော ပြဇာတ်မင်းသမီးခင်လှကြည်ပဲ၊ ခင်လှကြည်မှာ ယောကျ်ားရှိတယ်၊ ပြဇာတ်မင်းသမီးခင်လှကြည် ယောကျ်ားနဲ့ မောင်တွေက အဖေ့ကို ဝိုင်းပြီးဩဘာပေးလိုက်ကြတယ်ကွယ့်၊ ဟောဒီ အဖေ့ဗိုက်ထဲမှာ စိုက်နေတဲ့ဓားကတော့ ခင်လှကြည် ကိုယ်တိုင် လက်ဆောင်ပြေးလိုက်တာပဲ”

ဟု ပြောလေ၏။

လူငယ်သည် ဖခင်၏ စကားကြောင့် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းခါယမ်းလိုက်ပြီး

“အဖေရယ် … ဘာဖြစ်လို့ဒီလောက်တောင် မိန်းမတွေနဲ့ ပြဿနာရှုပ်ချင်တာလဲ၊ အခုတော့ မိန်းမကြောင့် အဖေ့အသက်ကိုတောင် ပေးရတော့မယ်”

ဟု ပြောလေရာ ဖခင်ဖြစ်သူက သဘောကျဟန်ဖြင့် တီးတိုးရယ်မောလိုက်ပြီး

“ဟား ဟား ….. မင်းအမေမရှိတော့တဲ့နောက်ပိုင်းမှာ အဖေ့အတွက် မိန်းမဆိုတာ အဓိပ္ပာယ် မရှိတော့ပါဘူးကွာ၊ အဖေဘဝကို ရေစုန်မျောပြီ နေချင်သလိုနေခဲ့တယ်၊ လုပ်ချင်သလို လုပ်ခဲ့တယ်၊ ဒါတွေအားလုံးဟာ အဖေ့ရဲ့မိုက်ပြစ်တွေပါပဲ၊ ဒီအတွက် ငါ့သားကို လက်စားချေပါလို့ အဖေ့မပြောချင်ဘူး၊ ဘာကြောင့်လဲဆိုတော့ အဖေ့အလွန်ဖြစ်နေတာကို၊ အဖေက

ခင်လှကြည်ကို ယောကျ်ားရှိမှန်းသိရက်နဲ့ ဇာတ်လမ်းသွားရှုပ်မိတယ်၊ ဒါကြောင့် ခင်လှကြည်ရဲ့ အသိုင်းအဝိုင်းက အဖေ့ကို ဝိုင်းပြီးတော့ ဆော်လိုက်တာ တရားပါတယ်၊ ဒါကြောင့် အဖေကလည်း သူတို့ထင်သလောက် မညံ့ပါဘူးကွာ၊ ခင်လှကြည်ရဲ့ မောင်တစ်ယောက်ကို ဇာတ်ထဲမှာ ထင်းခုတ်တဲ့ ဓားနဲ့ ပြန်ပြီးတော့ဆော်ခဲ့တယ်၊ ဒီအတွက် အဖေ့နောက်ကို မကြာခင် ပုလိပ်တွေလိုက်လာတော့မှာ သေချာတယ်”

ဟု ပြောလေရာ လူငယ်သည် ပိုမို၍ စိတ်ပျက်လက်ပျက် ဖြစ်သွားလေ၏ ။

ထိုအခါ ဖခင်ဖြစ်သူက လူငယ်၏ အမူအရာကို ကြည့်၍

“အဖေ့ကြောင့် လူလေးစိတ်ဆင်းရဲရတယ်ဆိုရင် အဖေ့ကို နောက်ဆုံးအနေနနဲ့ ခွင့်လွှတ်လိုက်ပါ၊ အဖေ့အတွက် လက်စားမချေဖို့ အဖေ လေးလေးနက်နက် မှာလိုက်ချင်ပါတယ်၊ အဖေသေခါနီး နောက်ဆုံးဆန္ဒတစ်ခု လူလေးဆီမှာ တောင်းဆိုပါရစေ”

ဟု ပြောလေရာ လူငယ်က ဖခင်ဖြစ်သူကို ပွေ့ဖက်လိုက်ရင်း

“ပြောပါ အဖေရယ်၊ ပြောပါ၊ အဖေ့ရဲ့ ဆန္ဒကို ကျုပ် ဖြည့်ဆည်းပေးပါ့မယ်”

ဟု ပြောလေ၏ ။

ထိုအခါ ထိုအခါ ဖခင်ဖြစ်သူက လူငယ်၏ မျက်နှာကို ကြည့်၍

“မင်းရဲ့ညီမလေးကို ပြန်ပြီးရှာစေချင်တယ်ကွာ”

ဟု ပြောလေ၏ ။

လူငယ်သည် ဖခင်ဖြစ်သူကိုကြည့်၍ ခေါင်းညိတ်လိုက်ပြီး

“ရှာပါ့မယ် အဖေရယ်၊ အဖေဆန္ဒရှိရင် သားမရရအောင် ညီမလေးကို

ရှာပါ့မယ်”

ထိုအခါ ဖင်ဖြစ်သူက

“ငါးသားက အဖေ့ရဲ့ဆန္ဒကို မပြစ်ဖြစ်အောင်မ ဖြည့်ဆည်းပေးမယ်ဆိုတာ အဖေသိပါတယ်၊ မင်းရဲ့ ညီမလေးကို အစမ္မခေါ်ဆောင်သွားတဲ့ ကျားသစ်မယ်ဆိုတဲ့မိန်းမဟာ မော်လမြိုက်မြို့မှာ ချမ်းသာကြွယ်ဝပြီး လူကုံထံတစ်ယောက်ဖြစ်တယ်လို့ သတင်းကြားတယ်၊ ဒါကြောင့် လူလေးရောက်အောင်သွားပြီး ညီမလေးနဲ့ တွေ့အောင် ကြိုးစားပါ”

ဟု မှာကြားစကာ ဖခင်ဖြစ်သူသည် ကိုယ်ခန္ဓာကို မဟန်နိုင်တော့ဘဲ လူငယ်၏ ရင်ခွင်ထဲသို့ လဲပြိုကျသွားလေ၏ ။

လူငယ်ကဖခင်ကို ဆီးကြို၍ ပွေ့ဖက်ထားလိုက်လေ၏ ။

ထိုအခါ ဖခင်ဖြစ်သူက လူငယ်ကို အားယူ၍ ကြည့်လိုက်ပြီး

“အဖေသွားတော့မယ်၊ နှုတ်ဆက်ခဲ့ပါတယ် ငါ့သားရယ်၊ ညီမလေးကို မတွေ့တွေ့အောင် ရှာပါ”

ဟု ပြောကာ သတိပြန်လည်မလာတော့ဘဲ၊ အသက်ထွက်သွားလေ၏ ။

လူငယ်သည် ဖခင်ဖြစ်သူ၏ ရုပ်လောင်းကိုကြည့်၍ ဝမ်းနည်းဟန်ဖြင့် မျက်ရည်များ စီးကျလာလေ၏ ။

ထိုအခိုက်မှာပင် တဲရှိရာသို့ လျှောက်လှမ်းလာသော အသံများကိုလည်း ကြားရလေ၏ ။

လူငယ်သည် ဖခင်ဖြစ်သူမှာကြားသည့်အတိုင်း ပုလိပ်များ ရောက်မလာမီ တဲအိမ်ကလေးမှ ထွက်ခွာရန်ဆုံးဖြတ်လိုက်လေ၏ ။

လူငယ်သည် သူ၏ အဝတ်အစား ကစ်စုံနှစ်စုံကို ထည့်လိုက်ပြီး ဖခင်ဖြစ်သူကို နောက်ဆုံးအနေဖြင့် တစ်ချက်ကြည့်ကာ တဲအိမ်ကလေး၏

အနောက်ဘက်မှ အမှောင်ထဲသို့ တစ်ကိုယ်တည်း ထွက်လာခဲ့၏။

ခဏကြာလျှင် တဲအိမ်ကလေးထဲရှိရာသို့ ပုလိပ်များ လက်နှိပ်ဓာတ်မီးရောင် တဝင်းဝင်းဖြင့် ရောက်ရှိလာပြီး

“ဖိုးကွက်စိန်…. ထွက်ခဲ့ဗျို့ အေးအေးဆေးဆေး အဖမ်းခံပါ”

ဟု အော်ဟစ်လိုက်လေ၏။

ပုလိပ်များသည် အတန်ကြာအောင်အော်ဟစ်ပြီးနောက် တဲအိမ်ကလေးအတွင်းသိုပ ဝင်ရောက်လာလေရာ ဖိုးကွက်စိန်ဆိုသော လူရွှင်တော်၏ အလောင်းကိုသာ တွေ့ရလေ၏။

ပုလိပ်တစ်ဦးသည် ဒဏ်ရာဖြင့် လဲကျနေသော လူရွှင်တော်ကြီးကို ကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

”ဖိုးကွက်စိန် သေပြီ”

ဟု ပြောလိုက်လေတော့၏။

××××××××××

လူငယ်သည် ကူးတို့ဆိပ်သို့ရောက်သောအခါ လှေကလေးကို ညအမှောင်ထဲတွင် ကြိုးဖြည်၍ ရေးစီးအတိုင်း မျှောပါခဲ့လေ၏။

လှေကလေးသည် တသွင်သွင်စီးဆင်းနေသော ချောင်းရေ၌ မျှောပါသွားလေ၏။ အတန်ကြာအောင် မျှောပါသွားပြီးနောက် လှေက်ကလေးသည် ရွာများတစ်ရွာပြီးတစ်ရွာ ကျော်ဖြတ်ခဲ့လေ၏။

လှေကလေးသည် ညတစ်ညလုံး ခရီးနှင်ပြီးနောက်

မနက်အရုဏ်တက်ချိန်သို့ ရောက်သောအခါ ကမ်းနဖူးအနီးသို့ ရောက်လေ၏။

ထိုအခါ လူငယ်က လှေကိုကမ်းသို့ကပ်၍ ကုန်းပေါ်သို့ တက်ခဲ့လေ၏။ လူငယ်သည် ခပ်လှမ်းလှမ်းတွင် မြင်တွေ့ရသော ကုန်းမြင့်ပေါ်ရှိ ထုံးဖြူဖြူစေတီကလေးသို့ ဦးတည်လျှောက်လှမ်း ခဲ့လေ၏။

စေတီသို့ရောက်သောအခါ သေဆုံးသွားသော ဖခင်၏ အကြောင်းကို တွေးတောနေလေ၏။ ဖခင်သည် ယခင်က ချမ်းသာ ကြွယ်ဝသော မိဘများမှ ပေါက်ဖွားလာသူတစ်ဦး ဖြစ်၏။

မိခင်သည် ဖခင်၏ အိမ်ကြီး၌ အစေအပါးအဖြစ် လုပ်ခဲ့ရသော အမျိုးသမီးတစ်ဦးဖြစ်၏။ ဖခင်သည် မိခင်ကို ခိုးယူထွက်ပြေးသောအခါ မိဘဆွေမျိုးများသည် အလွန်အံ့သြထိတ်လန့်သွား၏။

ထိုနောက် ဖခင်အား မိဘမောင်ဖွားများ၏ စွန့်ပစ်ခြင်းကို ခံခဲ့ရ၏။ ဖခင်သည် ဆွေမျိုးစုများ၏ စွန့်ပစ်ခြင်းကိုခံရသော်လည်း တုန်လှုပ်ခြင်းမရှိဘဲ မိခင်ကို ကြိုးရာကျပန်းအလုပ်ကို လုပ်ကိုင် ကျွေးမွေးခဲ့၏။

သို့သော် မိခင်မှာ သက်ဆိုးမရှည်ဘဲ မိမိမွေးပြီး ငါးနှစ်ကြာတွင် လူ့လောကကြီးမှ ထွက်ခွာသွားခဲ့လေ၏။ ဖခင်သည် မိခင်မရှိသည်နောက်ပိုင်း လောကကြီးကို မထိမဲ့မြင်ပြုကာ ပေတေ လေလွင့်လေ၏။

ဖခင်၏ ဆွေမျိုးများသည် မိခင်မရှိသောအခါ ဖခင်အား ပြန်လည်ခေါ်ယူရန် ကြိုးပမ်းကြလေ၏။

သို့သော် မိဘဆွေမျိုးများကို စိတ်နာနေသော ဖခင်သည် ၎င်းတို့နှင့် ပြန်လည်မပတ်သက်ဘဲ နေလေ၏။

ဖခင်၏ စီးပွားရေးမှာ ရေရေရာရာမရှိဘဲ ကြုံရာအလုပ်ကိုသာ လုပ်ကိုင်စားသောက်၍ အရက်ကို စွဲစွဲမြဲမြဲသောက်သော အလေ့အထတစ်ရပ်လည်း

ဖြစ်ပေါ်ခဲ့လေ၏။

တစ်နေ့သ၌ ဖခင်၏ တဲအိမ်ကလေးဆီသို့ အကြွေးရှင် ဒေါ်ပုမကြီးရောက်ရှိလာကာ ဖခင်အားရစရာမရှိအောင် အရှက်ခွဲလေတော့၏။

သို့သော် ဖခင်မှာမျက်နှာပြောင်သူဖြစ်သဖြင့် ဒေါ်ပုမကြီးအား ပြန်လည်၍ နှုတ်လှန်ထိုးလေ၏။

ထိုအခါ ဒေါ်ပုမကြီးသည် ပိုမို၍ ရိုင်းပျသော စကားလုံးများဖြင့် ဖခင်အား ထိုးနှက်လေ၏။

သို့သော် ဖခင်မှာ အပြုံးမပျက်ဘဲ ဒေါ်ပုမကြီးအား ပြန်လည်၍ နှုတ်လှန်ထိုးလေရာ လာရောက်ကြည့်ရှုသူများသည် တဝါးဝါး တဟားဟား ပွဲကျနေလေ၏။

နောက်ဆုံးတွင် အရှက်ကင်းမဲ့သော ဒေါ်ပုမကြီးပင်လျှင် ဖခင်ကို ရင်ဆိုင်၍ မပြောနိုင်တော့ဘဲ ထိုနေရာမှ လစ်ပြေးသွားလေတော့၏။

ထိုမြင်ကွင်းကို မြင်တွေ့သွားသော ပြည်တော်ချစ် ဇာတ်အဖွဲ့မှ ဇာတ်ဆရာကြီးသည် ဖခင်ရှိရာသို့ ရောက်ရှိလာပြီး ဇာတ်အဖွဲ့မှဖြစ်ကြောင်း ပြောဆိုပြီး မိတ်ဆက်လေ၏။

ထို့နောက်ပြည်တော်ချစ် ဇာတ်အဖွဲ့၌ လူရွှင်တော်တစ်ဦး လိုအပ်နေကြောင်း ပြောဆိုပြီး ဖခင်အား လူရွှင်တော်တစ်ဦးကဲ့သို့ ဟာသဉာဏ်ရွှင်သူဖြစ်သဖြင့် ဝင်ရောက်လုပ်ကိုင်ရန် အကြံပြုလေ၏။

ထိုအခါ ဖခင်သည် တစ်ခဏမျှ စဉ်းစား၍

"ကျုပ်က လူရွှင်တော်တွေရဲ့ တတ်သင့်တတ်အပ်တဲ့ ပညာကိုတော့ မတတ်ဘူး၊ ဒါပေမဲ့ ပျော်ပျော်နေတတ်တယ်၊ လောကကြီးကို အမြဲတမ်းကြည့်ပြီး သရော်နေတတ်တယ်၊ ဒါကြောင့် လူရွှင်တော်အလုပ်ကို လုပ်နိုင်မယ်ထင်ပါတယ်။

ဒါပေမဲ့ အစပိုင်းတော့ ပြည်တော်ချစ်ဇာတ်အဖွဲ့မှာရှိတဲ့ လူရွှင်တော်တွေက ကျုပ်ကို ဖေးမခေါ်သွားမှ ဖြစ်မှာနော်”

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ဖခင်သည် ပြည်တော်ချစ်ဇာတ်အဖွဲ့၌ လူရွှင်တော်တစ်ဦးအဖြစ် ဝင်ရောက် လုပ်ကိုင်လေတော့၏။

ဖခင်သည် ဟာသဉာဏ်ရှိပြီး လောကကို သရော်တတ်သော အမြင့်ရှိသူဖြစ်သဖြင့် လူရွှင်တော်အလုပ်နှင့် အကျိုးပေးကောင်း၏။

ပြည်တော်ချစ်ဇာတ်အဖွဲ့သို့ ဝင်ရောက်ပြီးများမကြာမီ အချိန်၌ ပင် ဇီးကွန်စိန် ဟူသောအမည်ဖြင့် နာမည်သတင်း ကျော်ကြားလေတော့၏။

ဖခင်၏ နာမည်သတင်းကျော်ကြားလာပြီးနောက် တိမ်မြုပ်ပျောက်ကွယ်နေသော ဖခင်၏ စရိုက် ဆိုးတစ်ရပ်မှာလည်း ပြန်လည်ပေါ်ပေါက်လာလေတော့၏။

ထိုစရိုက်မှာ တွေ့သမျှ မိန်းမတူသမျှနှင့် ရှုပ်ပွေသောအကျင့်စရိုက်ပင် ဖြစ်၏။ ဖခင်သည် မိခင်ရှိသည့်နောက်ပိုင်း မိန်းမများနှင့် ပတ်သက်၍ အလေးအနက်မရှိတော့ဘဲ၊ မျက်စိကျရာ မိန်းမနှင့် ငြိစွန်းတက်လာ၏။

ထို့ကြောင့်ဖခင်သည် မည်သည့်ဇာတ်အဖွဲ့တွင်မှ မမြဲတော့ဘဲ ဇာတ်အဖွဲ့ တစ်ဖွဲ့တစ်ဖွဲ့သို့ ပြောင်းနေရလေ၏။

ဖခင်၏ မိန်းမများနှင့် ရှုပ်ပွေသည်ဆိုသော နာမည်သတင်းမှာလည်း ဇာတ်လောက၌ ပျံ့နှံ့ခဲ့လေ၏။

မည်သို့ပင်ဖြစ်စေ ဇီးကွက်စိန်သည် အလွန်ဟာသဉာဏ်ရွှင်ပြီး ပရိတ်သက်များအကြိုက်တွေ့ နေသဖြင့် ဇာတ်အဖွဲ့များသည် ဇီးကွက်စိန်ကို အလုအယက် လိုချင်နေဆဲဖြစ်၏။

××××××××××

ဖခင်သည် ရောက်လေရာ မြို့များ၌ မိန်းမများနှင့် ရင်းနှီးကျွမ်းဝင်ပြီး ရှုပ်ပွေတတ်၏ ။

ဖခင်၏ ရုပ်ရည်မှာလည်း မိန်းမများ ကျလောက်သော အသားဖြူဖြူ လူပုံနွဲ့နွဲ့ရှိသဖြင့် စရိုက်ဆိုးသော ဖခင်အား ကျားကို အတောင်တပ်ပေးသကဲ့သို့ ရှိလေ၏ ။

ယခုတော့ ဖခင်သည် မိန်းမရှုပ်ပွေတတ်သော အကျင့်စရိုက်ကြောင့် သူတစ်ပါး၏ လက်ချက်ဖြင့် သေရာသို့ သွားရပေသည်။ ဖခင်နှင့် ရှုပ်ပွေဖူးသော ပြဇာတ်မင်းသမီး ခင်လှကြည်သည် ရုပ်ရည်ချောမောလှပသလောက် စိတ်ဓာတ်ခက်ထန်သူ ဖြစ်၏ ။

သူမသည် လင်ယောကျ်ားအပေါ် သစ္စာစောင့်သိလိုသူဖြစ်ပြီး ဖခင်ကဲ့သို့ လူရှုပ်လူပွေများနှင့် ရင်းနှီးကျွမ်းဝင်လိုသူ မဟုတ်ချေ။

ဤမျှစိတ်ဓာတ်ခိုင်မာသောမိန်းမကို ထိပါးမိသော ဖခင်သည် သူ၏ အပြစ်ဒဏ်ကို အသက်နှင့် လဲ၍ ပေးဆပ်လိုက်ရချေပြီ။

လူငယ်သည် ဖခင်၏ အကြောင်းကို စဉ်းစားရင်း ဝမ်းနည်းလာသဖြင့် မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေ၏ ။

ထို့နောက် ဖခင်သေခါနီး ဆဲဆဲတွင် မှာကြားခဲ့သော ညီမဖြစ်သူကို ရှာဖွေရန် အကြောင်းကို တွေးတောနေမိပြန်၏ ။

လူငယ်သည် လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်က ကြေကွဲဖွယ်

ညတစ်ညကို ယနေ့ထက်တိုင် မြင်ယောင်နေသေး၏။ ထိုစဉ်က လူငယ်၏ အသက်မှာ ငါးနှစ်သားအရွယ်သာရှိသေး၏။

ညီမဖြစ်သူမှာ ထိုစဉ်က အခါလည်သမီးအရွယ်မျှသာ ရှိ၏။ ထိုညက ဖခင်သည် အရက်များကို အလွန်အကျွံသောက်စားလာပြီး ပတ်ဝန်းကျင်တစ်ခုလုံး မြင်မကောင်း ကြားမကောင်းအောင် အော်ဟစ်ဆဲဆိုနေလေ၏။

ထိုသို့ ဆဲဆို၍ ဂသောအခါ အိမ်သို့ပြန်လာပြီး အကြောင်းမရှိ အကြောင်းရှာ၍ သားနှင့်သမီးကို အော်ဟစ်ဆူပူပြန်၏။

လူငယ်သည် ထိုစဉ်က ငါးနှစ်သားအရွယ်ခန့်သာ ရှိသေးသဖြင့် ဖခင်ကိုကြောက်ရွံ့တုန်လှုပ်ပြီး ငိုယိုနေလေ၏။

အခါလည်သမီးအရွယ်မျှသာရှိသော သမီးငယ်မှာလည်း နို့ဆာ၍ ငိုယိုနေလေ၏။ ဖခင်သည် ငိုယိုနေသော သားနှင့်သမီးကို ကြည့်၍ ပိုမို၍ ဒေါသူပုန်ထလာဟန်ဖြင့် မောင်နှမနှစ်ယောက်စလုံးကို တဲအိမ်လေးပေါ်မှ မောင်းချလေ၏။

ထိုအခါ လူငယ်သည် အခါလည်းသမီးအရွယ်မျှသာ ရှိသော ညီမငယ်လေးကိုဖက်၍ ငိုယိုနေလေ၏။

ထိုအခိုက်မှာပင် တဲအိမ်၏ အပေါက်ဂသို့ ချောမောလှပသော မိန်းမတစ်ဦး မမျှော်လင့်ဘဲ ရောက်ရှိလာသဖြင့် သူတို့အားလုံး အံ့သြသွားကြ၏။

ထိုမိန်းမက ဖခင်ကို မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ကြည့်၍

“ဒီမှာ ... ရှင် လူစိတ်မှရှိသေးရဲ့လား၊ မိဘတစ်ယောက် လုပ်နေပြီး မိဘမေတ္တာမရှိရင် ရှင်ဟာ တိရစ္ဆာန်တစ်ကောင် ဖြစ်နေပြီ”

ဟု အော်ဟစ်ပြောဆိုလေ၏။

ထိုအခါ ဖခင်ဖြစ်သူသည် အမူးပြေသွားပြီး ချောမောလှပသော မိန်းမကို

မျက်မှောက်ကြုတ်၍ ကြည့်လိုက်ပြီး

“ဒီမှာ ခင်ဗျားဘယ်သူလဲ။ ကျုပ်အိမ်ထဲကို ဘာဖြစ်လို့ ကျူးကျော်ပြီး ဝင်လာတာလဲ”

ဟု မေးမြန်းလိုက်လေ၏ ။ ထိုအခါ ချောမောလှပသော မိန်းမက

“ရှင် ကျွန်မကို မမြင်ဖူးပေမဲ့ ကျွန်မနာမည်ကိုတော့ ရှင် ကြားဖူးမှာပါ။ ကျွန်မနာမည် ကျားသစ်မယ်လို့ခေါ်တယ်”

ဟု ပြောလိုက်ရာ ဖခင်သည် အထိတ်တလန့် ကြည့်လိုက်လေ၏ ။

ထိုအရပ်တွင် နေထိုင်သူတိုင်း ကျားသစ်မယ်ဟူသော အမည်ကို ကောင်းစွာသိကျွန်းကြ၏ ။

ကျားသစ်မယ်သည် လူကုံထံမျက်နှာကြီးများနှင့် အမြတ်ကြီးစား ခေါင်းပုံဖြတ်သူများကို ကောင်းကောင်းဒုက္ခပေးနေသော မိန်းမတစ်ယောက်ဖြစ်၏ ။

သူတို့နယ်တစ်ဝိုက်တွင် ကျားသစ်မယ်သည် ဆင်းရဲသားပြည်သူများကို ကြည့်ရှုပေးသဖြင့် ဆင်းရဲသားအများစုက ကျားသစ်မယ်ကို ချစ်ခင်ကြလေ၏ ။

ကျားသစ်မယ်က ဆင်းရဲသားပြည်သူများဘက်က ရပ်တည်သူဟု ယုံကြည်ကြလေ၏ ။ ဖခင်က ကျားသစ်မယ်ကို ကြည့်၍

“သြော် .... ကျားသစ်မယ်ဆိုတာ ခင်ဗျားကို၊ နေပါဦး၊ ကျုပ်က လူကုံထံတစ်ယောက်မဟုတ် ဘူးနော်၊ ကျုပ်က အလွန်ဆင်းရဲတဲ့ လူရွှင်တော်တစ်ယောက်ပါ၊ ကျုပ်ဆီမှာ ခင်ဗျားအတွက် ရစရာမရှိဘူး”

ဟု ပြောလေ၏ ။ ထိုအခါ ကျားသစ်မယ်က မျက်မှောက်ကြုတ်၍ ကြည့်လိုက်ပြီး

“ရှင်ဟာ ဒီနယ်တစ်ကြောမှာ နာမည်ကြီး လူရွှင်တော် ဇီးကွက်စိန်ဆိုတာ ကျွန်မသိပြီးသားပါ“

ဟု ပြောလေရာ ဖခင်က ကျားသစ်မယ်ဆိုသော မိန်းမကို ကြည့်၍

"ကျုပ်က လူရွှင်တော်အနေနဲ့ လူသိများထင်ရှားတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ကျုပ်မှာ စုဆောင်းမိတာမရှိဘူး၊ ကျုပ်ဟာ ဆင်းရဲသားတစ်ယောက်ပါ"

ဟု ပြောလေ၏။

ထိုအခါ ကျားသစ်မယ်ကဖခင်ကို ကြည့်၍

"ရှင်ဟာ မိန်းမတွေနဲ့ အမြဲရှုပ်ပွေနေလို့ လက်ထဲမှာ ဘယ်တော့မှ ငွေပိုငွေလျှံမရှိဘူးဆိုတာ ကျွန်မသိပြီးသားပါ၊ ရှင့်ဆီကိုလာတာ ပိုက်ဆံကို ဓားပြတိုက်ဖို့လာတာ မဟုတ်ဘူး"

ဟု ပြောလေ၏။

ထိုအခါ ဖခင်သည် ကျားသစ်မယ်ကို အံ့သြဟန်ဖြင့် ကြည့်၍

"ကျုပ်ဆီကိုလာတာ ဓားပြတိုက်ဖို့ လာတာမဟုတ်ဘူးဆိုရင် ဘာလုပ်ဖို့လဲ"

ဟု မေးမြန်းလေ၏။

ထိုအခါ ကျားသစ်မယ်က

"ကျွန်မပြောပြီးပြီလေ၊ ရှင့်ဆီကိုလာတာ ပိုက်ဆံကို ဓားပြတိုက်ဖို့လာတာ မဟုတ်ဘူး၊ ရှင်လိုသူဆီမှာ ဓားပြတိုက်မဲ့ပစ္စည်းဟာ ကျွန်မဘဝမှာ အထူးဆန်းဆုံးပဲ"

ဟု ပြောလေရာ ဖခင်က နားမလည်နိုင်ဟန်ဖြင့် ကျားသစ်မယ်ကို ကြည့်၍

"ကျုပ်ဆီက အထူးဆန်းဆုံးပစ္စည်းကို ဓားပြတိုက်မယ်ဟုတ်လား၊ အဲဒီ

ပစ္စည်းက ဘာလဲ၊ ကျုပ်ကိုပြောစမ်း”

ဟု မေးမြန်းလေ၏။

ထိုအခါ ကျားသစ်မယ်က ဖခင်၏ အနီးတွင်ရှိသော ကလေးငယ်ကို မျက်လုံးဝေ့ကြည့်၍

“ဒီကလေးဟာ အခါလည်သားအရွယ်ပဲရှိသေးတယ်၊ ဒီလောက်နုနယ်သိမ်မွေ့တဲ့ ကလေးတစ်ယောက်ဟာ ရှင့်လိုပေတေလေလွင့်နေတဲ့ လူ တစ်ယောက်ရဲ့ လက်ထဲမှာမရှိသင့်ဘူး နောက်ပြီးတော့ ဒီကလေးရဲ့ မိခင်လည်း လူ့လောကမှာ မရှိတော့ဘူးဆိုတာ ကျွန်မသိတယ်၊ ဒါကြောင့် ရှင့်ကလေးကို ကျွန်မ ခေါ်သွားတော့မယ်”

ဟု ပြောလေ၏။

ကျားသစ်မယ်၏ စကားကြောင့် ဖခင်သည် အလွန်ထိတ်လန့်အံ့သြသွားပြီး

“ဒီမှာ ခင်ဗျားဒီလိုအနိုင်ကျင့်လို့မရဘူး၊ ကျုပ်ကလေးကို ဘယ်သူ့လက်ထဲမှ မထည့်နိုင်ဘူး၊ ကျုပ်ဘာသာ ပေတေလေလွင့်နေတယ်ဆိုပေမဲ့ ကလေးကို နို့ဘူးတိုက်ပြီးမွေးနိုင်တယ်၊ ခင်ဗျား လက်ထဲကိုတော့ မထည့်နိုင်ဘူး၊ ကျုပ်ကလေးဟာ ခင်ဗျားဆီကိုရောက်ရင် လူကောင်းသူကောင်းဖြစ်မှာ မဟုတ်ဘူး၊ လူဆိုး တစ်ယောက်ပဲဖြစ်လိမ့်မယ်”

ဟု ပြောလေ၏။

ထိုအခါ ကျားသစ်မယ်က ခေါင်းခါယမ်း၍

“ကျွန်မဟာ ဟောဒီကလေးကို လူကောင်းသူကောင်း ဖြစ်အောင် ကောင်းကောင်းမွေးမြူနိုင် တယ်၊ ရှင့်လိုပေတေလေလွင့်ပြီး မိန်းမတွေ့နဲ့ ရှုပ်ပွေဖို့အမြဲကြိုးစားနေတဲ့ လူတစ်ယောက်လက်ထဲမှာ ကလေးကို မထားခဲ့နိုင်ဘူး”

ဟု ပြောကာ သူမ၏ လွယ်အိပ်ထဲမှ ခြောက်လုံးပြူး သေနတ်ကိုထုတ်၍ ချိန်လိုက်လေ၏။

ဖခင်သည် ခြောက်လုံးပြူးသေနတ်ဖြင့် အချိန်ခံထားရသဖြင့် မတတ်သာဘဲ အလျှော့ပေးလိုက် ရလေ၏။

ကျားသစ်မယ်သည် အိပ်ရာပေါ်တွင် ငိုနေသော ကလေးကို ပွေ့ချီလိုက်ပြီး ဖခင်ကိုကြည့်ကာ

"ရှင့်ကလေးအတွက်မပူပါနဲ့၊ သူ့အတွက် အကောင်းဆုံးဖြစ်အောင် ကျွန်မစောင့်ရှောက်နိုင်ပါတယ်"

ဟု ပြောကာ အိမ်ကလေးမှ ထွက်ခွာရန် ပြင်လေ၏။

ထိုမြင်ကွင်းကို တစ်ချိန်လုံးကြည့်ရှုနေသော လူငယ်လေးသည် သူ၏ ညီမငယ်အတွက် စိုးရိမ်းသောကဖြစ်ကာ

" ညီမလေးကို ခေါ်မသွားပါနဲ့၊ ခေါ်မသွားပါနဲ့ ကျုပ်တို့ဆီမှာပဲ ထားခဲ့ပါ"

ဟု ငိုယို၍ တောင်းပန်လေ၏။

ထိုအခါ ကျားသစ်မယ်က ငိုယိုနေသောကလေးကို ကရုဏာသက်ဟန်ဖြင့် ကြည့်၍

"လူလေးရယ် .... မင်းရဲ့ညီမလေးကို မစိုးရိမ်ပါနဲ့၊ အဒေါ်က ညီမလေးကို မင်းအဖေဆီမှာထက် ပိုပြီးအဆင်ပြေအောင် ထားနိုင်ပါတယ်"

ဟု ပြောကာ တဲအိမ်ကလေးထဲမှ ကျောခိုင်း၍ ထွက်ခွာသွားလေ၏။

ဖခင်သည် ယူကျုံးမရဖြစ်ကာ အံကို တင်းတင်းကြိတ်၍ ကျစ်ရစ်ခဲ့လေ၏။

*****

ထိုအချိန်မှစ၍ လူငယ်သည် သူ၏ ညီမလေးကို ယနေ့ထက်တိုင် မြင်တွေ့ရခြင်းမရှိတော့ချေ။ လူငယ်သည် အရွယ်ရောက်သည်နှင့် ကျားသစ်မယ်ဆိုသော မိန်းမကြောင်းကို စဉ်းစားနေလေ၏ ။

ထိုအခါ ကျားသစ်မယ်၏ ဘဝနောက်ကြောင်းကို တဖြည်းဖြည်း စုံစမ်းသိရှိပြီး ရုပ်လုံးပေါ်လာလေ၏ ။ ကျားသစ်မယ်၏ အဘိုးသည် နယ်ချဲ့အစိုးရက သူပုန်အဖြစ် သတ်မှတ်ကာ ကွပ်မျက်ခြင်း ခံခဲ့ရ၏ ။

ကျားသစ်မယ်၏ ဖခင်မှာလည်း နယ်ချဲ့ကိုရရာ လက်နက်စွဲကိုင်၍ အမျိုးမျိုးဒုက္ခပေးခဲဖူး၏ ။

နောက်ပိုင်းတွင် ကျားသစ်မယ်သည် နယ်ချဲ့အလိုတော်ကြီးများ လူကုံထံမျက်နှာကြီးများ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်သူများကို ရွေးချယ်၍ ဒုက္ခပေးခဲ့သဖြင့် ကျားသစ်မယ်အား ဆင်းရဲ့သား အများစုက နှစ်သက်ကြ၏ ။

ကျားသစ်မယ်အား ဆင်းရဲသားအများစုက ချစ်မြတ်နိုးကြသဖြင့် နယ်ချဲ့အစိုးရ၏ အလိုတော်များလက်မှ ဝိုင်းဝန်း၍ ကာကွယ်ပေးခဲ့၏ ။

ထိုကြောင့် နယ်ချဲ့အလိုတော်ကြီးများသည် ကျားသစ်မယ်ကို ယနေ့ထက်တိုင် ဖမ်းဆီးရမိခြင်း မရှိခဲ့ချေ။

သို့သော် လွန်ခဲ့သော ဆယ်နှစ်ခန့်ကစပြီး သူမ၏ သတင်းကို လုံးဝကြားသိခြင်းမရှိတော့သဖြင့် တချို့က ကျားသစ်မယ် သေဆုံးပြီးဟုဆို၏ ။

တချို့ကလည်း ကျားသစ်မယ်အား နယ်ချဲ့စစ်ပုလိပ်များက လျှို့ဝှက်စွာ ဖမ်းဆီးရမိသွားပြီးဟု ဆိုကြ၏ ။

တချို့က ကျားသစ်မယ်သည် ပြည်ပနိုင်ငံများတွင် သွားရောက်ကာ တိုင်းပြည်လွတ်လပ်ရေး ရရှိရန် ကြိုးပမ်းနေသည်ဟု ဆိုကြ၏ ။

ဖခင် အသက်ဆုံးခါးနီးတွင် နောက်ဆုံးပြောခဲ့သော စကားအရ

ကျားသစ်မယ်သည် မော်လမြိုင်ဘက်တွင် လူကုံထံ သူဌေးမကြီးဘ၀ ခံယူနေကြောင်းသိရ၏။

ကျားသစ်မယ်၏ အနီးတွင် သူ၏ တစ်ဦးတည်းသော ညီမလေးကို ပြန်လည်တွေ့ရတော့မည် ထင်မိ၏။

ကျားသစ်မယ်သည် ယခင်ကကဲ့သို့ လူကြမ်းစိတ်ကြမ်းရှိနေမည်လားမသိ။ မည်သို့ပင်ဖြစ်စေ ကျားသစ်မယ်ထံတွင် ရောက်ရှိနေသော သူ၏ ညီမလေးကို ပြန်လည်တွေ့ရှိရန် အစွမ်းကုန်ကြိုးစားပမ်း တော့မည်ဟု ဆုံးဖြတ်လိုက်၏။

လူငယ်သည် ကျားသစ်မယ်နှင့် ညီမလေးအကြောင်းကို တွေးမိပြီး ဖခင်ဖြစ်သူသေဆုံးရပုံကို ပြန်လည်သတိရနေမိပြန်၏။

ထိုအခါ လူငယ်၏ မျက်လုံးများထဲတွင် မျက်ရည်များ ဝေ့ဝဲလာပြီး၏

“ အဖေရယ်၊ အဖေသေတဲ့အချိန်မှာ အဖေ့အနားမှာတောင် မနေလိုက်ရပါလား၊ ကျုပ်တို့ရဲ့ဘ၀က ဆိုးလွန်းပါတယ်လေ”

ဟု ဂမ်းနည်းဟန်ဖြင့် ရေရွတ်နေလေ၏။

ထိုအခိုက်မှာပင် အဝေးဆီမှ လှေငယ်တစ်စင်းသည် ကမ်းဆီသို့ ဦးတည်ပြီး လှော်ခတ်လာလေ၏။

လှေငယ်သည် ကမ်းပေါ်သို့တက်လာလေ၏။ လှေငယ်ကမ်းသို့ ရောက်သောအခါ လူဂကြီးတစ်ဦးနှင့် လွန်စွာအရပ်ပုသော လူတစ်ဦးသည် ကမ်းပေါ်သို့ တက်လာလေ၏။

ထိုသူနှစ်ဦး၏ လက်ထဲတွင် ပန်မျိုးစုံကို ကိုင်ဆောင်ပြီး စေတီရှိရာသို့ လျှောက်လှမ်းလာလေ ၏။ ထိုသူနှစ်ဦးသည် လူရွယ်ကိုကျော်၍ စေတီပေါ်သို့ တယ်သွားပြီး ဘုရား၌ ပန်းမျိုးစုံကို ကပ်လှူ ဆုတောင်းနေလေ၏။

လူ့ဂကြီးသည် စေတီ၏ လှေကားထစ်များမှ အောက်သို့ ဆင်းရင်း ရုတ်တရက်လူရွယ်ဘက်သို့ လှည့်ကြည့်လိုက်၏ ။

ထိုအခါ လူ့ဂကြီးသည် သရဲသဘက်ကို တွေ့လိုက်ရဘိသကဲ့သို့ အထိတ်တလန့် အော်ဟစ်လိုက်လေ၏ ။

ထိုအခါ လူပုလေးမှာလည်း လူရွယ်ကို ကြည့်၍ မျက်လုံး ပြူးသွားပြီး

"အမလေး .... ယက္ခ .... ယက္ခ ....ယက္ခ ဒီကို ရောက်နေပါလား"

ဟု အထိတ်အလန့် အော်ဟစ်လိုက်လေ၏ ။

ထိုအခါ လူရွယ်က လူ့ဂကြီးနှင့် လူပုလေးကို အံ့သြဟန်ဖြင့် ကြည့်၍

"ခင်ဗျားတို့နှစ်ယောက် ကျုပ်ကို ဘာဖြစ်လို့ ယက္ခလို့ ခေါ်ကြတာလဲ၊ ကျုပ် ယက္ခမဟုတ်ဘူး၊ ခင်ဗျားတို့လူမှားနေပြီ"

ဟု ပြောလေ၏ ။

ထိုအခါ လူ့ဂကြီးသည် လူရွယ်၏ မျက်နှာကို အနီးကပ် သေချာစွာကြည့်၍

" ဟာ.... ခင်ဗျား ယက္ခပါ၊ ကျုပ်ကိုမညာပါနဲ့၊ ယက္ခက ဘာဖြစ်လို့ ဘုရားကို ရောက်နေတာလဲ၊ ခင်ဗျားက ညဆိုရင် ဘီးလူးခေါင်းဆောင်းပြီး မနက်ဆိုရင် မင်းသားခေါင်းဆောင်း တယ်ပေါ့လေ"

ဟု ပြောလေရာ လူငယ်က ထိုသူကို နားမလည်နိုင်ဟန်ဖြင့် ကြည့်၍

" ခင်ဗျားတို့ ဘာပြောနေတာလဲ၊ ကျုပ်နာမည် ယက္ခမဟုတ်ဘူး၊ ကျုပ်နာမည် သီဟလို့ခေါ်တယ်၊ ခင်ဗျားတို့ လူမှားနေကြပြီ "

ဟု ပြောလေ၏ ။ ထိုအခါ လူပုလေးသည် သီဟဆိုသော လူရွယ်၏ အနီးသို့ တိုးကပ်၍ သေချာစွာကြည့်လိုက်ပြီး ခေါင်းခါယမ်းကာ

“ ယက္ခက မျက်နှာမှာ မုတ်ဆိတ်မွေးတွေရှိတယ်၊ ဒီကောင်ကတော့ မုတ်ဆိတ်မွေးမှ မရှိတာ”

ဟု ပြောလေ၏ ။

ထိုအခါ လူဂကြီးသည် သီဟဆိုသော လူရွယ်၏ မျက်နှာကို သေချာစွာ ထပ်မံကြည့်လိုက်ပြီး

“ အေး ... ဒါတော့ဟုတ်တယ်၊ ယက္ခကမျက်နှာမှာ မုတ်ဆိတ်မွေး ပါးသိုင်းမွေးတွေရှိတယ်၊ ဒီကောင်ကတော့ မျက်နှာတစ်ခုလုံး ပြောင်ရှင်းနေတာပဲ၊ မုတ်ဆိတ်မွေးတွေ ဖယ်လိုက်ရင် ယက္ခနဲ့ ဒီကောင်ဟာ ခွဲမရအောင်တူတယ် ”

ဟု ပြောလေရာ လူပုလေးက

“ ငါသိပြီ၊ ယက္ခဟာ ညတုန်းက မင်းသားခေါင်းဆောင်ပြီးတော့ ရောက်လာတော့ မုတ်ဆိတ်တွေ ရိတ်လိုက်တာဖြစ်မယ်”

ဟု ပြောလေ၏ ။

လူဂကြီးသည် လူပုလေး၏ စကားကြောင့် မျက်မှောင်ကြုတ်၍

“ ဟုတ်တယ်၊ ဖြစ်နိုင်တယ်၊ ဒီမှာ ယက္ခ၊ ခင်ဗျား မုတ်ဆိတ်တွေရိတ်လိုက်တာ မဟုတ်လား၊ မုတ်ဆိတ်ရိတ်ပြီး ဒီစေတီမှာ သူတော်ကောင်းပုံလာဖမ်းနေတယ် မဟုတ်လား”

ဟု မေးမြန်းလေ၏ ။

ထိုအခါ သီဟက

“ မဟုတ်တာဗျာ၊ ကျုပ်တစ်သက်မှာ တစ်ကြိမ်မှ မုတ်ဆိတ်မွေး မထားဖူးပါဘူး၊ ကျုပ်ရဲ့ မျက်နှာကို သေသေချာချာကြည့်၊ မုတ်ဆိတ်မွေးရှိတဲ့သူက ရိတ်ထားမယ်ဆိုရင် သိသာတယ် ”

ဟု ပြောလေရာ လူသန်ကြီးသည် အလင်းရောင်ဖြင့် သီဟ၏ မျက်နှာကို သေချာစွာကြည့်၍

" ဟာ ... ဒါလည်း ဟုတ်တာပဲ၊ သီဟရဲ့မျက်နှာမှာ မုတ်ဆိတ်မွေးတွေ လုံးဝမရှိဘူး၊ ဒါဆိုရင် ယက္ခနဲ့ သီဟဆိုတဲ့ကောင်က ရုပ်ချင်းအတော်ဆင်တာပဲ "

ထိုအခါ လူပုလေးက ရပ်ပြီးကြည့်၍

" ဟုတ်ပြီ၊ ငါသိပြီ၊ ဒီကောင်ဟာ ယက္ခရဲ့ညီ ဟီဟ ဖြစ်လိမ့်မယ်၊ ဟုတ်တယ်မဟုတ်လား၊ မင်းတို့နှစ်ယောက်ဟာ ညီအစ်ကိုတွေပဲ ဖြစ်လိမ့်မယ်၊ အမွှာပူးညီအစ်ကိုတွေ မဟုတ်လား"

ဟု မေးမြန်းလေ၏ ။

ထိုအခါ သီဟက

" ဟေ့လူတွေ...ခင်ဗျားတို့ဘာတို့ ကျုပ်ကို ဒီကောင်စွပ်စွဲနေရတာ လဲ၊ ကျုပ်ဟာ ယက္ခမဟုတ် ဘူးလို့လည်း ပြောပြီးပြီ၊ ကျုပ်မှာလည်း ညီအစ်ကိုတစ်ယောက်မှ မရှိဘူး၊ ခင်ဗျားတို့ပြောတဲ့ ယက္ခဆိုတဲ့လူဟာ ဘယ်သူလဲ "

ဟု မေးမြန်းလေ၏ ။

ထိုအခါ လူဝကြီးက

" ယက္ခဆိုတဲ့လူ၊ ဘယ်သူလဲ ဟုတ်လား၊ ဒီကောင်ဟာ မင်းနဲ့ အမျိုးမတော်ဘူးဆိုရင်တော့ သူ့အကြောင်းကို ပြောရတော့ မှာပေါ့၊ ဒီကောင်ဟာ ငါတို့နယ်တစ်ကြောမှာတော့ လူတွေအားလုံး ဖိန့်ဖိန့်တုန်အောင်ကြောက်ရတဲ့ တောပုန်းဓားပြကြီးပဲ၊ သူတို့အဖွဲ့က ကုမ္ပဏီကြီးဟာ အစိုးရစစ်ပုလိပ် တွေတိုက်ပွဲဖြစ်ပြီး ကုမ္ပဏီထက်ပိုပြီးတော့ မိုက်ရူးရဲဆန်တယ်၊ ပိုပြီးလည်း လုပ်ရည်ကိုင်ရည် ကောင်းတယ်၊ ဒါကြောင့် ယက္ခရဲ့လက်ထက်မှာ သူတို့အဖွဲ့ဟာ အင်အားပိုပြီးတောင့်တင်းလာခဲ့တယ်၊ အခုတော့ ယက္ခရဲ့အဖွဲ့ကို

အစိုးရရဲ့စစ်ပုလိပ်တွေတောင် မနှိမ်နင်းနိုင်တော့ဘူး ”

ဟု ပြောလေရာ သီဟဆိုသော လူငယ်က စိတ်ဝင်စားဟန်ဖြင့် ကြည့်၍

“ စစ်ပုလိပ်တွေ မနှိပ်နင်းနိုင်ဘူးဆိုတာ သူတို့အဖွဲ့က အတော်စွမ်းလို့လား”

ဟု မေးမြန်းလေ၏ ။

ထိုအခါ လူဂကြီးက

“ စစ်ပုလိပ်တွေဟာ ယက္ခလို ဒီနယ်မြေကို မကျွမ်းကျင်ဘူး၊ ယက္ခရဲ့အဖွဲ့ကလူတွေဟာ၊ ဒီနယ်မြေမှာ မျက်လုံးမှိတ်ပြီး သွားမယ်ဆိုရင်တောင် ကောင်းကောင်းသွားနိုင်ကြတယ်၊ သူတို့ဟာ အစိုးရစစ်ပုလိပ်တွေ ရောက်တဲ့အခါ တောထဲမှာ ပုန်းအောင်းနေတယ်၊ နောက်ပြီးတော့ စစ်ပုလိပ်တွေ နဲ့ လူအင်းအားအခြေအနေကို ကြည့်ပြီး ပြောက်ကျားနည်းနဲ့ ခုခံတိုက်ခိုက်တတ်တယ်၊ ယက္ခတို့ လူစုဟာ ညက ငါတို့ရွာရဲ့ လယ်ပိုင်ရှင်ဦးဘလှ မိသားစုဟာ အကြီးအကျယ် စိတ်ဆင်းရဲခဲ့ရတယ်”

ဟု ပြောလေ၏ ။

ထိုအခါ သီဟ စိတ်ဝင်စားဟန်ဖြင့်ကြည့်၍

“ ဒီကောင်တွေ ညက ရွာမှာ တော်တော်သောင်းကျန်းသွားသလား ”

ဟု မေးမြန်းလေ၏ ။

ထိုအခါ တစ်ချိန်လုံး ငြိမ်၍ နားထောင်နေသော လူပုလေးက ဝင်၍

“ သောင်းကျန်းတာပေါ့ဗျာ၊ ရွာမှာရှိတဲ့ လူကုံထံအိမ်တွေကို ဓားပြတိုက်ရုံတင်မကဘူး၊ လယ်ပိုင်ရှင်ကြီး ဦးဘလှရဲ့ တူမကို ပြန်ပေးဆွဲသွားကြတယ်၊ ငါတို့နှစ်ယောက်ဟာ လယ်ပိုင်ရှင်ကြီးဦးဘမှ မိသားစုရဲ့လူတွေကွ၊ ရွာမှာရှိတဲ့ ဗေဒင်ဆရာကြီးက မိန်းကလေးကို အမြန်ဆုံး

ဓားစာခံဘဂက လွတ်မြောက်အောင် ပောဒီစေတီလေးမှာ ယတြာလာပြီချေရမယ်ဆိုလို့ ငါတို့ နှစ်ယောက် အမြန်ဆုံး ယတြာလာချေနေတာ ”

ဟု ပြောလေ၏ ။

ထိုအခါ သီဟက

“ ဒီကိစ္စကို ခင်ဗျားတို့ရွာကလူတွေ၊ ပုလိပ်ကို မတိုင်ဘူးလား ”

ဟု မေးမြန်းလေ၏ ။

ထိုအခါ လူပုလေးက

“ ပုလိပ်ကိုတိုင်လို့ ဘယ်ဖြစ်မလဲဗျ၊ တစ်ခါတုန်းက သာယာကုန်းရွာက သူကြီးရဲ့သမက်ကို ပြန်ပေးဆွဲပြီး၊ ပုလိပ်တွေ သိသွားတာနဲ့ သူကြီးသမက်ကို အသေသတ်ပစ်လိုက်ကြတယ်၊ ဒီအချိန်ကစပြီး ယက္ခလူစု ပြန်ပေးဆွဲသွားပြီးဆိုရင် အဲဒီ လူကို ငွေအမြန်ဆုံးရှာပြီး ရွေးဖို့ကြိုးစားရတယ်၊ ပုလိပ်ကိုတိုင်မယ်ဆိုရင်တော့ ဒီလူရဲ့အသက်ကို ပြန်ရတော့မှာ မဟုတ်ဘူး”

ဟု ပြောလေ၏ ။

ထိုအခါ သီဟက လူဂကြီးကိုကြည့်၍

“ ဟင်.... ဒါဆိုရင် ဒီကလေးမလေးကို ငွေ ဘယ်လောက်နဲ့ ပြန်ရွေးမရမှာလဲ ”

ဟု မေးမြန်းလေ၏ ။ ထိုအခါ လူဂကြီးက

“ သူတို့တောင်းတဲ့ငွေဟာ သိပ်များတယ်၊ ငွေငါးသောင်းလောက်နဲ့ ရွေးရမယ်တဲ့၊ တကယ်တော့ လယ်ပိုင်ရှင်မိသားစုဟာ ဓားပြတိုက်မခံရဘူးဆိုရင် ငွေငါးသောင်းကို ခြစ်ကုပ်ပြီပေးရင် ပေးလို့ရနိုင်ပါတယ်၊ ဒါပေမဲ့ ညက ရှိသမျှပစ္စည်းတွေကို ဓားပြတိုက်သွားပြီး မိန်းကလေးကို ငွေငါးသောင်းနဲ့ ရွေးရမယ်ဆိုတော့၊ သူတို့ ဘယ်လိုမှမရွေးနိုင်ကြဘူး”

ဟု ပြော၏ ။

သီဟသည် လယ်ပိုင်ရှင်မိသားစုအတွက် စိတ်မကောင်းဖြစ်သွားပြီး

“ ဟင် … ဒါဆိုရင် ကလေးမကို ဘယ်လိုနည်းနဲ့ ပြန်ရွေးမှာလဲ ”

ဟု မေးမြန်းလိုက်လေ၏ ။

ထိုအခါ လူဂကြီးက

“ ဒါကြောင့် လည်း ဗေဒင်ဆရာကို အကူအညီတောင်းပြီး ဒီဘုရားမှာ ယတြာလာချေတာ်ပေ့ါ၊ လူဆိုးတွေက ဆရာကြီးရဲ့ ယတြာအစွမ်းကြောင့် ကလေးကိုမကြာမီ ပြန်လွှတ်ပေးလိမ့်မယ်”

ဟု ပြောလေ၏ ။

ထိုအခါ သီဟက ခေါင်းခါယမ်း၍

“ ခင်ဗျားတို့ရဲ့အယူအဆကြီးက အဓိပ္ပာယ်မရှိလိုက်တာဗျာ၊ လူဆိုးလက်ထဲရောက်နေတဲ့ ဓားစာခံကလေးကို ဗေဒင်ဆရာက ဘာများလုပ်ပေးနိုင်မှာလဲ၊ ခင်ဗျားတို့ ပုလိပ်ကို အကူအညီတောင်း သင့်တယ် ”

ဟု ပြောလေ၏ ။

ထိုအခါ လူဂကြီးက အထိတ်တလန့်ဖြင့်

“ ဘာ … ပုလိပ်ကို အကူအညီတောင်းရမယ် ဟုတ်လား၊ ပုလိပ်ကို အကူအညီတောင်းလို့ ကတော့ ဒီမိန်းကလေးကို အသက်ရှင်လျက်မြင်ရတော့မှာ မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ ဗေဒင်ဆရာကြီးရဲ့ နည်းလမ်းအတိုင်း သေသေချာချာ ယတြာချေခဲ့ပြီးပြီ၊ ဒါကြောင့် မိန်းကလေးကို လူဆိုးတွေပြန်လွှတ်မှာပါ ”

ဟု ပြောလေ၏ ။

သီဟသည် လူဂကြီးနှင့် လူပုလေးကိုကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

“ခင်းဗျားတို့ဟာ အယူသီးလွန်းတယ်ဗျာ၊ ဗေဒင်ဆရာဟာ ဒီကိစ္စမှာ ဘာမှမတတ်နိုင်ဘူးဗျ၊ ခင်ဗျားတို့အတွက် တကယ် အရေးကြီးတာက လူဆိုးတွေတောင်းတဲ့ ပိုက်ဆံကို ပေးနိုင်ရင်ပေး၊ မပေးနိုင်ဘူးဆိုရင် ပုလိပ်ကိုအကူအညီတောင်းပြီး ကလေးမလေးကို ကယ်တင်သင့်တယ်”

ဟု ပြောလေ၏။

ထိုအခါ လူပုလေးက မျက်မှောက်ကြုတ်၍

“ ခင်ဗျားပြောတဲ့ကိစ္စတွေကို၊ ကျုပ်တို့နှစ်ခုစလုံး မလုပ်နိုင်ဘူး၊ ခင်ဗျားသတ္တိရှိရင် လုပ်နိုင်တဲ့နည်းတစ်နည်းတော့ ရှိတယ်၊ အဲဒီ နည်းကို ကျုပ်တို့သိပေမဲ့ မလုပ်ဝံ့ဘူး၊ ခင်ဗျားဘာသာ သေဝံ့တဲ့သတ္တိရှိရင်တော့ သွားလုပ်ပေတော့၊ ယက္ခဟာ တောပုန်းဘဂကနေ လူတွေကြားထဲကိုဝင်ပြီး မကောင်းမှုဒုစရိုက်အလုပ် တစ်ခုခု အောင်အောင်မြင်မြင်လုပ်ပြီးရင် မြို့ပေါ်က ရွှေအိမ်နီမှာ သွားလေ ရှိတယ်၊ ရွှေအိမ်နီရဲ့အပေါ်ထပ်မှာ ပျော်တော်ဆက် မိန်းကလေးတွေ ထားရှိတာပဲ၊ ယက္ခဟာ ရွှေအိမ် နီမှာ မကြာခဏလျှို့ဝှက်ပြီး ပျော်ပါးလေ့ရှိတယ်”

ဟု ပြောလေ၏။

ထိုအခါ သီဟက

“ ခင်ဗျားတို့ရဲ့ရသတင်းဟာ သေချာရဲ့လား၊ ကောလဟာလများ ဖြစ်နေမလား”

ဟု မေးမြန်းလေ၏။

ထိုအခါ လူဂကြီးက ဝင်ရောက်၍

“ သေချာတယ်ကွ၊ ဒီအကြောင်းကို ပြောရမှာတော့ ရှက်ပါတယ်၊ ဒါပေမဲ့

မင်းသိအောင် ပြောပြရမှာပဲ၊ ငါတို့ရွာက မိန်းကလေးတစ်ယောက်ဟာ မြို့ပေါ်က သူဌေးသားတစ်ယောက်ကို ယုံစားပြီး၊ ဘဝပျက်ခဲ့ဖူးတယ်၊ သူဟာ ဘဝပျက်ပြီး ရွှေအိမ်နီမှာ ပျော်တော်ဆက်ဘဝကို ရောက်ခဲ့တယ်၊ နောက်တော့ အမြင်မှန်ရပြီး ရွာမှာ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက် ခဲ့တယ်၊ မရှက်တမ်းပြောရရင် အဲဒီ မိန်းကလေးဟာ ငါတို့ညီမလေးပဲ၊ သူဟာ ရွာကိုပြန်ရောက်တဲ့အခါ ရွှေအိမ်နီမှာ ယက္ခနဲ့တွေ့ခဲ့ရတယ်လို သတင်းပေးခဲ့တယ် ”

ဟု ပြောလေ၏ ။

ထိုအခါ သီဟက

“ ဒါဆိုရင် ခင်ဗျားတို့ပြောပုံအရ ယက္ခဆိုတဲ့ လူယုတ်မာဟာ ခင်ဗျားတို့ရွာမှာ ဓားပြတိုက်ပြီး အောင်ပွဲခံတဲ့အနေနဲ့ မြို့ပေါ်က ရွှေအိမ်နီမှာ သွားပြီး အပန်းဖြေလိမ့်မယ်ထင်တယ်”

ဟုပြောလေ၏ ။

ထိုအခါ လူဂကြီးက ခေါင်းညိတ်၍

“ ဟုတ်တယ်၊ ဒီယက္ခဆိုတဲ့လူယုတ်မာဟာ ရွှေအိမ်နီမှာ ပျော်ပါးမူးယစ်နေမယ်လို့ ငါတို့ယုံတယ်”

ဟုပြောလေ၏ ။

ထိုအခါ သီဟက

“ ဒါဆိုရင်လည်း ခင်ဗျားတို့အတွက် အခွင့်အရေးရတာ ပဲ၊ ယက္ခလို လူယုတ်မာတစ်ယောက် ရွှေအိမ်နီမှာ ရောက်နေတုန်း ခင်ဗျားတို့ ရွာသားတွေ ပုလိပ်နဲ့ပေါင်းပြီး သွားဖမ်းသင့်တယ် ”

ဟုပြောလေ၏ ။

ထိုလူဂကြီးက ခေါင်းယမ်း၍

“ ဒီကောင် ရွှေအိမ်နီမှာ ရှိနေတယ်ဆိုတာ ရွာကလူတွေကို ကျုပ်တို့ဘယ်လိုပြောရမလဲ၊ ဒီကောင့်အကြောင်းကို ကျုပ်တို့ဘာလို့ သိလဲလို ရွာကလူတွေက မေးကြလိမ့်မယ်၊ ဒါဆိုရင် ကျုပ်တို့ရဲ့ ညီမလေးဟာ မြို့ပေါ်မှာ မကောင်းတဲ့အလုပ်ကို လုပ်ကိုင်ခဲ့တယ်ဆိုတာ တစ်ရွာလုံးသိသွားတော့မှာပေါ့”

ဟုပြောလေ၏။

ထိုအခါ သီဟက

“ ဒါဆိုရင်လည်း ခင်ဗျားတို့နှစ်ယောက် ရွှေအိမ်နီကို သွားပြီး လူယုတ်မာကောင်ကို ဖမ်းဖို့ကြိုးစားပါလား”

ဟု ပြောလေ၏။

ထိုအခါ လူဂကြီးက မခံုးတွန့်၍

“ဘာ… ယက္ခလိုကောင်ကို ကျုပ်တို့က ဖမ်းရမယ် ဟုတ်လား၊ ဒီကောင်က အင်မတန် ကြမ်းကြုတ်ရက်စက်တဲ့ကောင်၊ သူ့ကို မဖမ်းဝံ့ပါဘူး”

ဟုငြင်းဆန်လေ၏။

သီဟသည် လူဂကြီးနှင့် လူပုလေးကိုကြည့်၍ အားမလို အားမရဟန်ဖြင့် ခေါင်းခါယမ်းကာ

“ ခင်ဗျားတို့ဟာ သူရသတ္တိ အတော်နည်းတာပဲ၊ ခင်ဗျားတို့လို လူတွေများနေရင် ကျုပ်တို့ မြန်မာပြည် ဘယ်တော့မှ လွတ်လပ်ရေးရမှာမဟုတ်ဘူး ”

ဟုပြောလေ၏။

ထိုအခါ လူပုလေးက

“ ဒီမှာ ခင်ဗျား သိပ်သတ္တိရှိရင် အများအကျိုးကိုလည်း သယ်ပိုးချင်တယ်ဆိုရင် ရွှေအိမ်နီကို ခင်ဗျားကိုယ်တိုင်သွားပြီး ယက္ခကို

ဖမ်းဖို့ကြိုးစားပါလား၊ ဒါဆိုရင် ကျုပ်တို့ကိုလည်း ကူညီရာရောက်တာပေါ့”

ဟုချောက်တွန်းလေ၏။

လူပုလေး၏ စကားကြောင့် သီဟသည် မျက်မှောက်ကြုတ်၍ စဉ်းစားလိုက်ပြီး ခေါင်းညိတ်ကာ

“ ဒီမှာ ကျုပ်ရှေ့မှာ မတရားတာမြင်ရင် အစွမ်းရှိသလောက် ဝင်ပြီးရင်ဆိုင်ဖြေရှင်းပေးမယ်လို့ ဆုံးဖြတ်ထားတယ်၊ ဒါကြောင့် ရွှေအိမ်နီကို သွားပြီး ဓားပြခေါင်းဆောင် ယက္ခကို ကျုပ်ဖမ်းမယ်”

ဟုပြောလေ၏။ ထိုအခါ လူဂကြီးက သီဟကို မယုံနိုင်ဟန်ဖြင့် ကြည့်၍

“ ဒီမှာ ယက္ခဆိုတာ တော်ရုံတန်ရုံလူမဟုတ်ဘူးနော်၊ ကိုးတောင်ကျား ယက္ခကို ဒီနယ်တစ်ကြောမှာ လူတွေအားလုံး ဖိန့်ဖိန့်တုန်အောင် ကြောက်ရတယ်၊ ယက္ခဟာ ကြမ်းကြုတ် ရက်စက်တဲ့နေရာမှာ သရဖူဆောင်းထားတဲ့သူပဲ၊ ဒီလိုကောင်မျိုးနဲ့ မင်းတကယ်ယှဉ်ဝံ့လို့လား ”

ဟု မေးမြန်းလေ၏။

“ ခင်ဗျား ကျုပ်ကို သူရဲပေါကြောင်တဲ့လူ အောက်မေ့လို့လား၊ ကျုပ်တို့မြို့မှာနေကတည်းက မတရားမှုကိုမြင်ရင် ကျုပ်ဘယ်တော့မှ လက်မနှေးတတ်ဘူး၊ ခင်ဗျားတို့ရွာက အပျိုအရွယ် မိန်းကလေးကို လူဆိုး လူမိုက်တွေရဲ့လက်ထဲမှာ အကြာကြီး ဆက်ထားမှာလား ”

ဟု မေးမြန်းလေ၏။

ထိုအခါ လူပုလေးက

“ ဒီမိန်းကလေးဟာ ကျုပ်တို့ရွာကလို့ ဘယ်သူပြောသလဲ၊ လယ်ပိုင်ရှင်အိမ်မှာ လာပြီးနေတဲ့ မိန်းကလေးဗျ၊ လယ်ပိုင်ရှင်ကတော်ကြီးရဲ့ တူမတစ်ယောက်ဖြစ်မယ်ထင်တယ် ”

ဟု ပြောလေ၏။

ထိုအခါ သီဟက လူပုလေးကိုကြည့်၍

“ ခင်ဗျားတို့ရွာသူမဟုတ်တာနဲ့ပဲ ူလူဆိုးလူမိုက်တွေရဲ့ လက်ထဲမှာ အပျိုရွယ်မိန်းကလေး တစ်ယောက်ကို ဂကွက်အပ်ထား မှာလား၊ ကျုပ်ရဲ့ဆန္ဒကတော့ လူဆိုးလူမိုက်ယက္ခဆိုတဲ့ကောင်ကို ရွှေအိမ်နီ ပျော်ပွဲစားရုံမှာ သွားပြီးဖမ်းလိုက်ချင်တယ်”

ဟု ပြောလေ၏။

ထိုအခါ လူဂကြီးက

“မောင်ရင့်စိတ်ဓာတ်ကိုတော့ ကျုပ်တို့လေးစားသွားပြီ၊ မောင်ရင် တကယ်ပဲ လူဆိုးခေါင်းဆောင် ယက္ခကို သွားဖမ်းမယ်ဆိုရင် မောင်ရင်အတွက် လယ်ပိုင်ရှင်မိသားစုပိုင်တဲ့ မြင်းတစ်ကောင်ကို ခဏငှားလိုက်မယ်၊ လယ်ပိုင်ရှင်မိသားစုရဲ့ မြင်းခြံက ဒီအနီးက ရွာမှာပဲရှိတယ်”

ဟု ပြောလေရာ သီဟက မျက်မှောက်ကြုတ်၍

“ ကျုပ် မြင်းမလိုပါဘူး၊ ရွှေအိမ်နီပျော်ပွဲစားရုံကို ခြေလျင်ပဲ သွားလို့ရပါတယ်”

ဟု ပြောလေ၏။

ထိုအခါ လူပုလေးက ဝင်ရောက်၍

“ ဒီနယ်တကြောမှာတော့ ရွာတိုင်း ရွာတိုင်း မြင်းတွေကို အသုံးပြုကြတယ်၊ ခင်ဗျား ရွှေအိမ်နီရောက်ရင်လည်း မြင်းတွေနဲ့ လာတဲ့ ခရီးသည်တွေကို တွေ့ရလိမ့်မယ်၊ ဒါကြောင့် ကျုပ်တို့ စကားကိုလက်ခံပြီး လယ်ပိုင်ရှင်မိသားစု မြင်းတစ်ကောင်ကို ခင်ဗျားယူသွားပါ၊ မြင်းစီးတတ်တယ် မဟုတ်လား”

ဟု မေးမြန်းလေ၏ ။

သီဟက ခေါင်းညိတ်၍

“မြင်းတော့ ကျုပ်ကောင်းကောင်းစီးတက်ပါတယ်၊ ကျုပ်တို့ရွာမှာတုန်းက မြင်းစီးတတ်တဲ့ လူကြီးတစ်ယောက်နဲ့ ကျုပ်ပေါင်းသင်းခဲ့ဖူးတယ် ”

ဟု ပြောလေ၏ ။

ထိုအခါ လူဂြကြီးက

“ ဒါဆိုရင် ကျုပ်တို့နဲ့တစ်ပြိုင်တည်း မြင်းခြံကိုလိုက်ခဲ့၊ မြင်းခြံမှာ မောင်ရင့်အတွက် အကောင်းဆုံးမြင်းကြီးတစ်ကောင်ကို ငှားလိုက်မယ်”

ဟု ပြောကာ သီဟအား စေတီမှ ရွာထဲသို့ခေါ်ဆောင်သွားလေ၏ ။

ရွာထဲသို့ရောက်သောအခါ ကျယ်ဝန်းသောမြင်းခြံကြီးကို တွေ့ရလေ၏ ။

လူဂြကြီးက

“လယ်ပိုင်ရှင် ဦးတောကျော်ဟာ ဒီရွာမှာ မြင်းတွေကို အများကြီး မွေးထားတယ်ကွ”

ဟု ပြောလေ၏ ။ ထိုအခါ သီဟက

“ ဦးတောကျော်ဟာ ဘာဖြစ်လို့ ကိုယ့်ရွာမှာ မြင်းမမွေးတာလဲ”

ဟု မေးမြန်းလေ၏ ။

လူပုလေးက ဝင်ရောက်၍

“ ရွာမှာ မြင်းမမွေးတာက ငါတို့ရွာနဲ့ စားကျက်မြေနဲ့ အတော်လှမ်းတယ်ကွ၊ ဒီရွာက စားကျက်နဲ့ နီးတယ်၊ ဒါကြောင့် လယ်ပိုင်ရှင်ကြီးက ဒီရွာမှာ မြင်းခြံလုပ်ထားရတာ ပဲ”

ဟု ပြောလေ၏။

ထို့နောက်တွင်မူ လူဂကြီးတို့သည် သီဟအား မြင်းခြံမှ အကောင်းဆုံး မြင်းတစ်ကောင်ကို ပေးအပ်လိုက်လေ၏။

ထိုမြင်းကြီးသည် အလွန်သန်မာတောင့်တင်ပြီး ကျန်းမာရေး ကောင်းမည်ပုံသဏ္ဌာန်ရှိလေ၏။

သီဟသည် မြင်းကြီးပေါ်သို့ တက်၍ လူဂကြီးနှင့် လူပုလေးကို နှုတ်ဆက်ကာ မြို့ရှိရာသို့ လမ်းကြောင်းအတိုင်း ဒုန်းစီး၍ စီးနှင်သွားလေ၏။

××××××××××